# အမျိုးသမီးများအဖွဲ့ချုပ် [မြန်မာနိုင်ငံ]

# Women's League of Burma

## ဒေါ်အောင်ဆန်းစုကြည်၏ အသက် (၆၄) ပြည့်မွေးနေ့အထိမ်းအမှတ်
## အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) မှ မြန်မာနိုင်ငံအမျိုးသမီးထုသို့ ပန်ကြားချက်
## ၂၀၀၉ ခုနှစ် ဇွန်လ ၁၁ ရက်နေ့

**မြန်မာနိုင်ငံသူ အမျိုးသမီးအပေါင်းတို့**

လာမယ့် ၂၀၀၉ ခုနှစ်၊ ဇွန်လ (၁၉) ရက်နေ့ဟာ ဒေါ်အောင်ဆန်းစုကြည်ရဲ့ အသက် (၆၄) နှစ်ပြည့် မွေးနေ့ဖြစ်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ဟာ စစ်အစိုးရရဲ့ ဖမ်းဆီးချုပ်နှောင်မှုနဲ့ အသက်အန္တရာယ်ပြုမှုတွေကို အကြိမ်ကြိမ် ရင်ဆိုင်ခဲ့ရပြီး ယခု မေလ ၁၄ ရက်နေ့မှာတော့ ကမ္ဘာပေါ်မှ ဘယ်အာဏာရှင်နဲ့မှ မတူတဲ့ မြန်မာစစ်အာဏာရှင်တွေဟာ တကမ္ဘာလုံး တုန်လှုပ်သွားစေတဲ့ လုပ်ရပ်တခုကို ထပ်မံပြုလုပ်ခဲ့ပါတယ်။ အဲဒါဟာ မြန်မာနိုင်ငံရဲ့ ပြည်တွင်းဥပဒေအရ နေအိမ်အကျယ်ချုပ် သက်တမ်းပြည့်ပြီး လွတ်ရက်နီးကပ်နေတဲ့ ဒေါ်အောင်ဆန်းစုကြည်ကို အင်းစိန် အကျဉ်းထောင် တွင်းသို့ ပြောင်းရွှေ့ထိမ်းသိမ်းထားလိုက်ခြင်းပဲဖြစ်ပါတယ်။

အမေရိကန်နိုင်ငံသား မစ္စတာ ဂျွန်ယက်ထောမှ ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်ကို ဝင်ရောက်မှုနဲ့ပတ်သက်ပြီး ဒေါ်အောင်ဆန်းစုကြည် အနေနှင့် နေအိမ်အကျယ်ချုပ် စည်းကမ်းများကို ဖေါက်ဖျက်မှုဟုဆိုကာ မတရားစွတ်စွဲပြီး တရားစွဲဆိုချက်ပဲဖြစ်ပါတယ်။ ဒီလုပ်ရပ်ဟာ မြန်မာစစ်အာဏာရှင်တွေရဲ့ မတရားတဲ့လုပ်ရပ်ဖြစ်တဲ့အပြင် ကမ္ဘာ့အလယ်မှာ မြန်မာနိုင်ငံရဲ့ ဂုဏ်သိက္ခာကို အလုံးစုံပျက်သုန်းစေတဲ့ လုပ်ရပ်လည်း ဖြစ်ပါတယ်။ အာစီယံ အပါအဝင် ပြည်တွင်းပြည်ပအင်အားစုများနဲ့ နိုင်ငံတကာ အသိုင်းအဝိုင်းမှ ဒေါ်အောင်ဆန်းစုကြည်ကို လွှတ်ပေးဖို့ တိုက်တွန်းနေတဲ့ကြားက နအဖက သူမအပေါ် မတရားအမှုဆင်ပြီး တရားစွဲဆို စစ်ဆေးနေခြင်းဖြစ်ပါတယ်။

ဒီအခြေအနေမှာ လူဦးရေထက်ဝက်ကျော်ရှိတဲ့ ကျမတို့အမျိုးသမီးထုရဲ့ အခန်းကဏ္ဍက နိုင်ငံရေးဖြစ်စဉ်တိုင်းမှာ အရေးပါတဲ့ အင်အား ဖြစ်သလို ဒေါ်အောင်ဆန်းစုကြည်ကို ဒီကနေ့ သူမရင်ဆိုင်နေရတဲ့ အခြေအနေတွေကနေ လွတ်မြောက်အောင် ရုန်းထွက်စေနိုင်မယ့်အားလည်း ဖြစ်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ဟာ ဂုဏ်ယူလေးစားဖွယ်ရာ စံပြခေါင်းဆောင်အဖြစ် စစ်အစိုးရကို နိုင်ငံရေးအရ ပြုပြင်ပြောင်းလဲမှုတွေ လုပ်ဆောင်ဖို့ ပြတ်ပြတ်သားသား တောင်းဆိုနေသူဖြစ်တဲ့အပြင် လူ့အဖွဲ့အစည်း တိုးတက်ပြောင်းလဲရေးအတွက် ကိုယ်ကျိုးစွန့် ဦးဆောင် နေသူတဦးဖြစ်တယ်ဆိုတာကို ပြည်သူအားလုံးက သိရှိထားပြီးဖြစ်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ကိုယ်ကျိုးစွန့်အနစ်နာခံပြီး ခိုင်မာပြတ်သားတဲ့ ခေါင်းဆောင်မှုစိတ်ဓာတ်ကို ကျမတို့ အမျိုးသမီးအားလုံး အားကျအတုယူ၊ စံနမူနာထားကြရမှာလည်း ဖြစ်ပါတယ်။

**မြန်မာနိုင်ငံသူအမျိုးသမီးအပေါင်းတို့၊**

ကျမတို့ရဲ့နိုင်ငံ ငြိမ်းချမ်းသာယာစေဖို့ တတ်နိုင်တဲ့နည်းလမ်းတွေနဲ့ ဆထက်တပိုး စုပေါင်းလှုပ်ရှားဆောင်ရွက်ကြဖို့ အရေးတကြီး လိုအပ်လာပါပြီ။ ဒါဟာ ကျမတို့အားလုံးရဲ့ အသိစိတ်ဓာတ်နဲ့ပါဝင်ရမယ့် သမိုင်းပေးတာဝန်ကြီးတရပ်လည်း ဖြစ်ပါတယ်။ ဒီနေရာမှာ ဒေါ်အောင်ဆန်းစုကြည် ပြောခဲ့ဖူးတဲ့ ***'ကျမတို့ဟာ မလွဲမသွေ ဒီမိုကရေစီရရှိကြမှာဖြစ်ပါတယ်၊ ကျမတို့ လူထုဟာ ကျမတို့မှာ အာဏာမဲ့နေတယ်လို့ မခံစားစေချင်ပါဘူး၊ ကျမတို့လူထုဟာ အာဏာမရှိတဲ့လူတွေမှာ ရှိနေတဲ့ အာဏာကို သိနားလည်ဖို့ လိုပါတယ်'*** ဆိုတဲ့ မိန့်ခွန်းကောက်နုတ်ချက်ကို ကျမတို့အားလုံး လေးလေးနက်နက်ယုံကြည်ကျင့်ကြံရမယ့်အချိန်ကို ရောက်နေပြီဆိုတာ အတိအလင်းပြောပြချင် ပါတယ်။ ဒီမိုကရေစီလိုလားကြတဲ့ ကျမတို့တတွေ ကိုယ့်မှာရှိတဲ့ အခွင့်အရေးနဲ့ လုပ်ပိုင်ခွင့်တွေကို သိဖို့လိုပါတယ်။ ကမ္ဘာကြီးငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာမှာရှိတဲ့ အမျိုးသမီးတွေ ထိပ်ပိုင်းအဆင့်အထိ အသီးသီးတက်လှမ်း ဆောင်ရွက်နေကြချိန်မှာ မြန်မာ ပြည်သူတွေကတော့ စစ်အုပ်ချုပ်မှုအောက်မှာ ဖိနှိပ်မှုမျိုးစုံကို ခါးစည်းခံနေကြရဆဲဖြစ်ပါတယ်။ ဒီလိုအခြေအနေဆိုးတွေကနေ လွတ်မြောက်ဖို့ ကျမတို့အားလုံး နည်းမျိုးစုံနဲ့ လှုပ်ရှားမှုအရှိန်ကို တိုးမြှင့်လုပ်ဆောင် ကြရမှာဖြစ်ပါတယ်။

**မြန်မာနိုင်ငံသူအမျိုးသမီးအပေါင်းတို့၊**

ဒေါ်အောင်ဆန်းစုကြည်ရဲ့ (၆၄)နှစ် ပြည့်မွေးနေ့မှာ သူမရဲ့ နိုင်ငံရေးဦးဆောင်မှုအပေါ် ထောက်ခံကြောင်းနဲ့ သူမအား မတရား တရားစွဲ ဆိုမှုတွေကို ဆန့်ကျင်ကြောင်း အမျိုးသမီးတွေအနေနဲ့ တခဲနက် ထုတ်ဖေါ်ပြသရမယ့်အချိန် ရောက်ရှိနေပါပြီ။ မြန်မာနိုင်ငံအနှံ့အပြားမှာ သူမရဲ့ ဓါတ်ပုံတွေကို လူထုအကြားဖြန့်ဝေးခြင်း လှုပ်ရှားမှုကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်နေတဲ့ အချိန်လည်းဖြစ်ပါတယ်။ စစ်အစိုးရဟာ လူထုယုံကြည်လေးစားတဲ့ဒေါ်အောင်ဆန်းစုကြည်ရဲ့ ဂုဏ်သိက္ခာကို ထိခိုက်ကျဆင်းစေလိုတဲ့ ရည်ရွယ်ချက်နဲ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ဓါတ်ပုံ တွေကို ကွန်ပြူတာနည်းပညာနဲ့ဖန်တီးပြုပြင်ပြီး လူထုအကြား ခိုးကြောင်ခိုးဝှက်ဖြန့်ဝေခြင်းအားဖြင့် တန်ပြန်တိုက်ခိုက်နေပါတယ်။ မြန်မာ ပြည်သူတွေတင်မက ကမ္ဘာကပါလေးစားရတဲ့အမျိုးသမီးခေါင်းဆောင်တဦးအပေါ် အခုလိုယုတ်ညံ့တဲ့နည်းလမ်းတွေနဲ့ တန်ပြန်တိုက်ခိုက်နေခြင်း အပေါ် အမျိုးသမီးများအဖွဲ့ချုပ်(မြန်မာနိုင်ငံ)မှ ပြင်းပြင်းထန်ထန်ဆန့်ကျင်ရှုတ်ချလိုက်ပါတယ်။ တိုင်းရင်းသားလူမျိုးပေါင်းစုံ အမျိုးသမီးထုကြီး

P.O Box. 413 G P O Chiang Mai 50000 Thailand wlb@womenofburma.org www.womenofburma.org

တရပ်လုံးအနေနဲ့လည်း အမျိုးသမီးများရဲ့ နိုင်ငံရေးပါဝင်မှု၊ ဦးဆောင်မှုတို့အပေါ် တိုက်ရိုက်ထိခိုက်စေတဲ့ အခုလိုမဟုတ်မမှန်လုပ် ကြံဖန်တီးသော ပုဂ္ဂိုလ်ရေးထိုးနှက်မှုများအပေါ် လုံးဝလက်မခံနိုင်ကြောင်း ဆန့်ကျင်ကြောင်း သဘောထားဖော်ပြကြဖို့ တိုက်တွန်းအပ်ပါတယ်၊ တချိန်တည်းမှာ ကျမတို့ လူထုခေါင်းဆောင်ရဲ့ သူမတူတဲ့ စွန့်လွှတ်အနစ်နာခံမှုတွေကို အသိအမှတ်ပြုထောက်ခံကြောင်း ပြသတဲ့အနေနဲ့ ယခုအချိန်မှစတင်ပြီး အမျိုးသမီးထုအနေနဲ့ အဝါရောင် ပန်း၊ ဖဲကြိုး၊ ဖဲပြား၊ ဆံညှပ်၊ ကလစ်၊ အဝတ်အစားစတဲ့ အသုံးအဆောင်တခုခု ဝတ်ဆင်ကြဖို့ တိုက်တွန်းနှိုးဆော်အပ်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်မွေးနေ့ လွန်မြောက်သွားချိန်မှာလည်း ဒေါ်အောင်ဆန်းစုကြည်အနေနှင့် အချုပ်အနှောင်အားလုံးမှ အမြန်ဆုံး လွှတ်မြောက် ပြီး မြန်မာနိုင်ငံ ဒီမိုကရေစီရေးမှာ အခက်အခဲမရှိ ဦးဆောင်ဦးရွက်ပြုသွားနိုင်စေရေးတို့ကို ရည်မျှော်ပြီး လူထုအတွင်း စိတ်ဓာတ်ရေးရာအရ အားပေးမှုပြုရန် လိုအပ်သည့်အချိန်တိုင်း အဝါရောင်သင်္ကေတအသုံးပြုမှုကို ဆက်လက် ဆောင်ရွက်သွားကြပါရန် မေတ္တာရပ်ခံအပ်ပါတယ်။

သတင်းတံခါးပိတ်၊ ဖိနှိပ်ခံထားရတဲ့ ကျမတို့ ပြည်သူပြည်သားအားလုံးအတွက် ကိုယ့်အင်အားကို ပြန်မြင်နိုင်ပြီး စိတ်ဓါတ်အင်အား မြှင့်တင်နိုင်မယ့် အဝါရောင်သင်္ကေတ ငြိမ်းချမ်းရေးတိုက်ပွဲကို မြန်မာနိုင်ငံသူ အမျိုးသမီးထုတရပ်လုံးအနေနဲ့ ညီညီညွှတ်ညွှတ်စည်းရုံးလှုံ့ဆော်ပါဝင်ဆင်နွှဲကြပါစို့။

ငြိမ်းချမ်းရေးကို မျှော်ရည်လျက်

**အမျိုးသမီးများအဖွဲ့ချုပ်(မြန်မာနိုင်ငံ)**


**ဆက်သွယ်ရန်**

လွှေးအေးနန်း +၆၆ ၈၉ ၄၃၄ ၂၈၄၁
တင်တင်နွယ် +၆၆ ၈၇ ၈၄၉ ၉၃၃၂
တင်တင်ညို +၆၆ ၈၁ ၀၃၂ ၂၈၈၂